Refugee Legal: Defending the rights of refugees. RACS ASRC Circle Green Community Legal Tasmanian Refugee Legal Service RAILS

<u>**သတင်းအချက်အလက် စာစောင်**</u>

**'အမြန် လမ်းကြောင်း' လျှောက်ထားသူများအတွက် ဥပဒေ အကူအညီ – ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ လူတွေ့မေးမြန်းရန်ဖြစ်သည်**

ဤသတင်းအချက်အလက်စာစောင်တွင် ဖက်ဒရယ်အစိုးရ၏ အမြန်လမ်းကြောင်း စိစစ်ရေး ဖြစ်စဉ်အရ မိမိတို့၏ ပထမအကြိမ် ယာယီအကာအကွယ်ပေးမှု ဗီဇာ (Temporary Protection visa (TPV)) သို့မဟုတ် လုံခြုံရာနယ်မြေ လုပ်ငန်း ဗီဇာ (Safe Haven Enterprise Visa (SHEV)) လျှောက်ထားခဲ့သော်လည်း မိမိတို့၏ လျှောက်လွှာနှင့်ပတ်သက်၍ လူတွေ့မေးမြန်းခြင်း မခံရသေးသောလူများအတွက် အဓိက သတင်းအချက်အလက်များ ပါရှိသည်။

ဤအခြေအနေရှိလူတိုင်းကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ လူတွေ့မေးမြန်းခြင်း လုပ်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန (Department of Home Affairs (**the Department**)) က ရည်ညွှန်းထားပါသည်။ <u>**ဤအခြေအနေရှိမည်သူမဆို ဥပဒေ အကူအညီကို ရှာဖွေရန် မဖြစ်မနေ လိုအပ်ပါသည်။**</u>

**လူတွေ့မေးမြန်းခြင်းကို တက်ရောက်ရန် မည်သူ့အား ဖိတ်ကြားမည်နည်း။**

အကယ်၍ သင်သည် TPV သို့မဟုတ် SHEV ဗီဇာကို ၂၀၁၅ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်အကြား လျှောက်ထားခဲ့ပြီး ဌာနနှင့် အကာကွယ်ပေးမှု ဗီဇာ လူတွေ့မေးမြန်းခြင်းကို မတက်ရောက်ရသေးလျှင် သင်သည် ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ မတိုင်မီ တက်ရောက်ရန် ဖိတ်ကြားခံရနိုင်ဖွယ်ရှိသည်။ ဌာနသည် လူတွေ့မေးမြန်းမည့် အချိန်နှင့်နေရာ အသေးစိတ်အချက်များ ပေးအပ်ရန် သင့်ထံ စာရေးပါလိမ့်မည်။

**အကာအကွယ်ပေးမှု ဗီဇာ လူတွေ့မေးမြန်းခြင်းဆိုသည်မှာ အဘယ်နည်း။**

လူတွေ့မေးမြန်းခြင်းသည် အကယ်၍ သင့်အား သင့်မိခင်နိုင်ငံသို့ အတင်းအကျပ် ပြန်ပို့ပါက သင့်အနေဖြင့် ထိခိုက်ခံရလိမ့်မည်ကို သင် <u>**အဘယ်ကြောင့်**</u> ကြောက်ရွံ့နေကြောင်းကို ဌာန အရာရှိတစ်ဦးထံ သင် ရှင်းပြရန်အတွက်အပြင် <u>**သင့် အမှုကိစ္စကို ထောက်ခံမည့် ထပ်ဆင့် သတင်းအချက်အလက် တစ်စုံတစ်ရာ တင်ပြရန်**</u> အတွက် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

သင် ဤလူတွေ့မေးမြန်းပွဲကို တက်ရောက်ရန် အလွန် အရေးကြီးပါသည်။ ၎င်းသည် သင့် အမှုကိစ္စကို လူတွေ့မေးမြန်းပွဲ၌ ရှင်းပြရန် <u>**သင်၏ တစ်ခုတည်းသော**</u> အခွင့်အလမ်း ဖြစ်နိုင်ဖွယ်ရာရှိသည်။

**သင် ယခု ဘာလုပ်သင့်သနည်း။**

အကယ်၍ သင်သည် သင်၏ ပထမအကြိမ် TPV/SHEV လျှောက်လွှာနှင့်ပတ်သက်၍ လူတွေ့မေးမြန်းခြင်း မခံရသေးပါက သင် မဖြစ်မနေ လုပ်ရန်မှာ –

1. သင့် လူတွေ့မေးမြန်းပွဲအတွက် သင် ဖိတ်စာလက်ခံရရှိစေရန် <u>**သင့်လက်ရှိ ဆက်သွယ်ရမည့် အသေးစိတ်အချက်များ ဌာနတွင် ရှိနေကြောင်း သေချာအောင်လုပ်ပါ။**</u> ဤသို့လုပ်ရန်အတွက် ကျွန်ုပ်တို့၏ အဖွဲ့အစည်းများသည် သင့်အား ကူညီပေးနိုင်သည်။
2. သင့်လူတွေ့မေးမြန်းပွဲအတွက် ကြိုတင်ပြင်ဆင်ထားရန် အမြန်ဆုံး <u>**ဥပဒေ အကူအညီကို ရယူပါ။**</u> ဥပဒေ အကူအညီအတွက် အောက်ပါ ကျွန်ုပ်တို့၏ အဖွဲ့အစည်းများအနက် တစ်ခုခုကို ကျေးဇူးပြု၍ ဆက်သွယ်ပြီး သင်၏ TPV/SHEV လျှောက်လွှာနှင့်

စပ်လျဉ်းသည့် သင့်တွင် ရှိနိုင်သော မည်သည့် စာရွက်စာတမ်းကိုမဆို ကျွန်ုပ်တို့ထံ ပို့ပေးပါ။

3. **သင့် အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးပေါ် သတင်းအချက်အလက်များနှင့် သက်သေအထောက်အထားကို စုဆောင်းပါ။**
သင့်အမှုကိစ္စနှင့်ပတ်သက်၍ သင်နှင့်စကားပြောပြီးနောက် သင် စုဆောင်းသင့်ပြီး ဌာနသို့ တင်ပြသင့်သည့် သက်သေအထောက်အထား အမျိုးအစားများကို သင့်အား ကျွန်ုပ်တို့ အကြံပြုနိုင်သည်။

**အခမဲ့ ဥပဒေ အကူအညီအတွက် အောက်ပါ အဖွဲ့အစည်းများအနက် တစ်ခုခုကို ကျေးဇူးပြု၍ ဆက်သွယ်ပါ**

**Refugee Legal** ဖုန်း– 03 9413 0101 (သို့) အီးမေးလ် clinic@refugeelegal.org.au တနင်္လာမှ သောကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီ ( Victoria နှင့် South Australia ရှိလူများအတွက်)
**ASRC** ဖုန်း– 0422035324 တနင်္လာမှ သောကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီ (သို့) အီးမေးလ် legal@asrc.org.au နှင့် "Fast Track Interview" ဟု အီးမေးလ်ခေါင်းစည်းတွင် ဖော်ပြပေးရန်ဖြစ်သည်။ (Victoria နှင့် South Australia ရှိလူများအတွက်)
**RACS** ဖုန်း– (02) 8355 7227 တနင်္လာမှ သောကြာ နံနက် ၁၀ နာရီ – နေ့ခင်း ၁ နာရီ၊ နေ့ခင်း ၂ နာရီ – ညနေ ၄ နာရီ (သို့) admin@racs.org.au (New South Wales နှင့် Northern Territory ရှိလူများအတွက်)
**CIRCLE GREEN** ဖုန်း– 08 6148 3648, အီးမေးလ် migration@circlegreen.org.au (သို့) ကိုယ်တိုင်လာရောက်ရန် – Asylum Seeker Hub အင်္ဂါနေ့တိုင်း နေ့ခင်း ၂ နာရီ – ညနေ ၅ နာရီ၊ Riverview Church 1 Thorogood Road, Burswood (Western Australia ရှိလူများအတွက်)
**RLS TAS** Tasmanian Refugee Legal Service ဖုန်း– 03 6169 9473 (သို့) အီးမေးလ် info@trls.org.au  နံနက် ၉ နာရီမှ ညနေ ၅ နာရီ၊ တနင်္လာမှ သောကြာ ဖွင့်သည် (Tasmania ရှိလူများအတွက်)
**RAILS** ဖုန်း– (07) 3846 9300 နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ၊ တနင်္လာမှ သောကြာ (သို့) (ပို့စေလိုသည့်) အီးမေးလ် paralegal2@rails.org.au (Queensland ရှိလူများအတွက်)